## မာတိကာ


| | | |
|---|---|---|
| – | ကဝေဝတ္ထုများနှင့်ပတ်သက်၍ (မြင့်ဆွေဦး) | ၃ |
| ၁။ | မှော်ဝင်ကဝေ | ၇ |
| ၂။ | နတ်ကဝေ | ၁၃၉ |
| ၃။ | ကဝေ့ဓား | ၂၅၉ |
| ၄။ | ကဝေ့မျက်စောင်း | ၃၈၃ |
| ၅။ | ကဝေဘီလူး | ၅၀၅ |


■

# ကဝေဝတ္ထုများနှင့်ပတ်သက်၍

မြင့်ဆွေဦး

လောကီကျမ်းများတွင် စုန်းမျိုးခုနစ်ပါးကို အဓိကထား၍ ပြဆိုသော်လည်း ကိုယ်တိုင်ကိုယ်ကျ ဆည်းပူးလေ့လာသောအခါ စုန်းအမျိုးပေါင်း၊ ကဝေ အမျိုးပေါင်းများစွာ တွေ့ရှိရလေသည်။ ရှေးဆရာကြီးများ၏ ကျမ်းများ တွင် လေ့လာကြည့်သောအခါ စုန်းအမျိုးပေါင်း ၆၄ မျိုးရှိသည်ကို သိရ သည်။

ယခင်ယခင်က ထိုကဲ့သို့လေ့လာခြင်းမပြုခင်က စုန်းလည်း တစ်မျိုး တည်း၊ ကဝေလည်း တစ်မျိုးတည်းဟု ထင်မှတ်ကြလေသည်။ ယောနယ် အတွင်းသို့ ဆရာ့ဆရာကြီးများနှင့် ဝင်ရောက်ကြသည့်အခါကျမှ စုန်းအမျိုး မျိုးကို သိရှိခဲ့ရသည်။ သို့သော် ကဝေဆိုသည်မှာ ရုတ်တရက်သိသာရန် အလွန်ခဲယဉ်းသည်ဟု ဆိုသည်။ ဆင်ကဝေ၊ မြင်းကဝေ အစရှိသော ကဝေပျံ ကိုးပါးတို့မှာ အလွန်တရာမှပင် သိရန် ခဲယဉ်းလေသည်။

ကဝေတို့၏ တန်ခိုးဣဒ္ဓိပါဒ်မှာ တကယ့်ပညာစွမ်းနှင့် ပြည့်စုံလာပါမှ လောကီဝိဇ္ဇာများကဲ့သို့ သွားလိုရာကို ချက်ချင်း မဆိုင်းမတွပင် သွားလာနိုင် သော သတ္တိရှိလေသည်။ သို့သော် ထိုကဝေမျိုးကား အတော်ပင် တွေ့ရခဲ ရှားပါးလှသည်။ ရှိသည်ကား အမှန်ဖြစ်၏။ ထိုကဝေများလည်း သူတို့၏ ပညာကို အထူးပင်လျှို့ဝှက်ထားကြသည်။ တကယ့်တကယ် ထိုကဝေမျိုးနှင့် ရင်ဆိုင်တွေ့ရသော ဆရာတို့မှာ သာမညဖြစ်လျှင် အရှုံးပေးရတတ်လေ သည်။



အောက်လမ်းဆရာများသည် အောက်လမ်းဝိဇ္ဇာအဆင့်သို့ မရောက် သမျှ ထိုကဝေမျိုးနှင့် ရင်ဆိုင် ယှဉ်ပြိုင်ပြုလုပ်ကြသည့်အခါ ဒုက္ခဖြစ်ရ လေသည်။ အထက်ဆရာကြီးများကိုကား ကဝေများသည် ကြောက်ရွံ့ ရိုသေကြလေသည်။ အထက်ဆရာပင်ဖြစ်သော်လည်း ပညာအခြေခံ နည်းပါးလျှင် ကဝေများ၏လက်တွင် ဒုက္ခတွေ့ရလေသည်။

စုန်းကဝေပညာများမှာလည်း အောက်လမ်းပညာကဲ့သို့ပင် သူတို့၏ အဆင့်အတန်းအလိုက် အမျိုးမျိုးဖန်ဆင်းနိုင်ကြသည်။ မည်သည့်ပညာမဆို တကယ်လိုက်စား၍ စိတ်ကောင်းစိတ်ထား မြင့်မြတ်ပါလျှင် အထက်ဆုံး တန်းသို့ ရောက်ကြသည်သာဖြစ်သည်။ စုန်းကဝေတို့မှာလည်း ကတော် အဆင့်အတန်းရောက်မှ စိတ်ချလက်ချဖြစ်သည်။ အောက်လမ်းမှာလည်း အောက်လမ်းဝိဇ္ဇာမှတစ်ဆင့် ထွက်ရပ်ပေါက်ကိုပင် လိုက်နိုင်သော နည်းလမ်း ကိုရမှ ထွက်ရပ်ဘက်ကို လိုက်နိုင်ကြသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ စုန်းကဝေ ဒဏ္ဍာရီများအရ စုန်းကဝေများသည် လွန်ခဲ့ သည့် နှစ်ရာပေါင်းများစွာခန့်က ယောနယ်များတွင် အုပ်စုလိုက်နေထိုင်ခဲ့ ကြပြီး နောက်ပိုင်းတွင် သူတို့အကြောင်းကို လူအများသိရှိသွားကြသောအခါ သူတို့ကို မျိုးဆက်ပြန့်ပွားခွင့်မပေးတော့သဖြင့် မြန်မာနိုင်ငံအရပ်ရပ်သို့ ထွက်ခွာသွားကြရာမှ မြန်မာနိုင်ငံအနှံ့အပြားတွင် စုန်းကဝေအယူအဆများ လူသိများလာကြသည်ဟု နန်းစဉ်သုံးဂါထာမန္တန်ကျမ်းတွင် ဖော်ပြထား သည်။ ပုဂံခေတ်က ရှိခဲ့သော အရည်းကြီးများသည်လည်း အထက်လမ်း စုန်းကဝေပညာရှင်များဖြစ်ကြောင်း ထိုကျမ်း၌ ဖော်ပြထားသည်။

စုန်းသည် ဇုဏှသဒ္ဒါမှ ဆင်းသက်စေပြီး ဇုဏ်းမှ စုန်းဟူ၍ဖြစ်လာ သည်။ ပညာစက်ဖြင့် တောက်ပမြူးထူးတတ်သောသူဟု အဓိပ္ပာယ်ရသည်။

ဥဇုနတ်၊ ဇော်ကနီနတ်၊ ဂန္ဓဗ္ဗနတ်တို့အား ကိုးကွယ်ရသဖြင့် တစ်စုံ တစ်ယောက်အား နှိပ်စက်ခြင်း၊ ဖမ်းစားခြင်း စသည်တို့ကို ပြုလုပ်နိုင်စွမ်း ရှိသည်။

ကဝေကတော့ စုန်းထက်အဆင့်မြင့်ပြီး ‘ပညာရှင်’အဆင့်ဖြစ်သည်။

ကဝေဆိုသည့်စကားလုံးမှာ ပညာရှင်ဟူသည်သာမက ဆရာသမား အဖြစ်လည်း အဓိပ္ပာယ်ယူ၍ရသည်။

မြန်မာစာပေလောကတွင် တစ္ဆေဝတ္ထုများ၊ တစ္ဆေပုံပြင်များသည် ယခင်အခါကပင်ရှိခဲ့သည်။ အထူးသဖြင့် မြန်မာ့ရိုးရာပုံပြင်များတွင် တစ္ဆေ ပုံပြင်များကို တွေ့ရသည်။ ဝေါဟာရလိနတ္ထဒီပနီကျမ်းကို ပြုစုခဲ့သော လှေသင်းအတွင်းဝန် မင်းကြီးမဟာဇေယျသင်္ခယာ ဦးချိန်က (တစ္ဆတ္တဒီပနီ)



ကျမ်းကို ပြုစုခဲ့သည်။ ယင်းကျမ်းတွင် မြန်မာ့သမိုင်း၊ မြန်မာ့ရာဇဝင်ထဲမှ တစ္ဆေများအကြောင်းကို ဖော်ပြခဲ့သည်။

၁၉၂၀ ကျော်လောက်တွင် ပဋ္ဌရုပ် ဦးခ၏ တစ္ဆေညွှန့်ပေါင်းစာအုပ် လည်း ထွက်ပေါ်ခဲ့ဖူးသည်။ ထိုစာအုပ်တွင် မြန်မာနိုင်ငံအရပ်ရပ်မှ တစ္ဆေသရဲ များအကြောင်းကို ရေးသားထားသည်။ ယင်းပုံဝတ္ထုများအနက်မှ တချို့ပုံပြင် ဝတ္ထုများကို ဂျေးအက်စ်ဖာနီဗယ်လ်က အင်္ဂလိပ်ဘာသာပြန်၍ ဂန္ထလောက မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြခဲ့ဖူးသည်။

ဆရာကြီး မြစကြာက စုန်းကဝေဝတ္ထုများကို အများအပြား ရေးသား ခဲ့သည်။ စောစောပိုင်းဝတ္ထုများတွင် ဇာတ်ကောင် မောင်အေးက အထက် ဆရာကြီးများနှင့်အတူ လိုက်လံပြီး စုန်းကဝေများကို နှိမ်နင်းရာ၌ ကူညီ ဆောင်ရွက်ပေးခဲ့သည့်အနေဖြင့် ရေးသားခဲ့သည်။ နောက်ပိုင်းဝတ္ထုများတွင် အောက်လမ်းဆရာကြီးများဖြစ်သော ဆရာမြကြီး၊ ဆရာဖဲတို့နှင့်အတူလိုက် ပါပြီး စုန်းကဝေများနှင့် ရင်ဆိုင်ခဲ့သည်ကို တွေ့ရသည်။ ထိုနောက်ပိုင်း ဝတ္ထုများတွင် မောင်အေးသည် စုန်ကဝေပညာသည်များနှင့် ရင်းနှီးခဲ့ပြီး သူတို့နှင့်အတူ သိုက်ဆရာများ၊ စုန်းကဝေများကို ရင်ဆိုင်နှိမ်နင်းရာ၌ ပါဝင်ခဲ့ သည်ကို တွေ့ရသည်။

ဆရာကြီး မြစကြာ၏ စုန်းကဝေဝတ္ထုများမှာ မြန်မာစာပေလောက တွင် တစ်မူထူးခြားသော ဝတ္ထုဇာတ်လမ်းများဖြစ်သည်ကို တွေ့ရသည်။ နှောင်းခေတ်တွင် ထိုစုန်းကဝေဇာတ်လမ်းများကို ရေးသားထုတ်ဝေခြင်းကို တားမြစ်ပိတ်ပင်ခဲ့သဖြင့် မြန်မာစာပေလောကမှ ကွယ်ပျောက်ခဲ့ရလေသည်။ ထိုစုန်းကဝေဝတ္ထုများမှာ ရသတစ်ခုခုကို ပေးနိုင်သဖြင့် ထိုခေတ် ထိုအခါက စာဖတ်ပရိသတ်များ စွဲလမ်းနှစ်ခြိုက်ခဲ့သည်ကို တွေ့ရသည်။

ထို့ကြောင့် ယနေ့ခေတ် စာဖတ်ပရိသတ်များလည်း နှစ်ခြိုက်သဘော ကျမည်ဟု ထင်မြင်ယူဆပါသဖြင့် ယခုကဲ့သို့ အမျိုးအစားတူ စုန်းကဝေဝတ္ထု များကို စုစည်း၍ ထုတ်ဝေခြင်းဖြစ်သည်။ ။